# ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၅ခုနှစ်၊မတ်လ ၁၇ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော “President of the Union”ဆိုသည့် စကားရပ်ကို “Ministry of Finance”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Union of Burma” ဆိုသည့်စကားရပ်ကို “the Republic of the Union of Myanmar” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “Financial Commissioner”ဆိုသည့်စကားရပ်ကို “Union Minister of Finance” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “Commissioner of Customs”ဆိုသည့်စကားရပ်ကို “Director-General of Customs” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “Collector of Land Customs” ဆိုသည့်စကားရပ်ကို “Competent CustomsOfficial” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

**Interpretation.** "(a) the expression to thepassing or importation or exportation of customs duties payable goods which is entered aland customs area, by any means includes passing, importation or exportation by pipelines, underground cables or other electronic means to any part of a foreign frontier."

၄။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၅၊ပုဒ်မခွဲ (၁) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

**Permit for goods carried across the border areas.** "(1) Every person desiring to pass any goods, whether dutiable goods or not, by land out of or into any foreign territory by means of sub-section (a) ofsection 2 of this Actshall apply in writing for a permit for the passage to the relevantofficer in charge of land customs station."

၅။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၇တွင်-

(က) "ပုဒ်မခွဲ (၁)၊ပုဒ်မခွဲငယ် (ဂ)တွင်ပါရှိသည့် “or four thousand kyats, whichever is greater”ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။"

(ခ) "ပုဒ်မခွဲ(၃) တွင်ပါရှိသည့် “not exceeding one thousand kyats”ဆိုသည့် စကားရပ်ကို “not exceeding five hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

၆။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၉၊ပုဒ်မခွဲ(၂)၊ပုဒ်မခွဲငယ်(ဈ)တွင်ပါရှိသည့် “who have entered a land customs area from foreign territory, and”ဆိုသည့် စကားရပ်ကို “who have entered, by any means, a land customs area from foreign territory, and” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ ၏နောက်တွင် ပုဒ်မ၁၀ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Rules making power.**

"10. Inthe implementation of the provisions contained in this Act:

(a) the Ministry of Finance may, with the approval of the Union Government, issue rules and regulations;

(b) the Ministry of Finance and the Customs Department may issue procedures, notifications, orders and directives.”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်